# ၁၉၆၃ ခုနှစ်၊ မီးသတ်တပ်ဖွဲ့ ဥပဒေ။

[၁၉၆၃ ခုနှစ်၊ ပြည်ထောင်စုမြန်မာနိုင်ငံ တော်လှန်ရေးကောင်စီ ဥပဒေအမှတ် ၁၂။]

ပြည်ထောင်စု မြန်မာနိုင်ငံ တော်လှန်ရေးကောင်စီ ဥက္ကဋ္ဌ သည်၊ အောက်ပါ ဥပဒေ ကိုပြဋ္ဌာန်းလိုက်သည်။

၁။ ။(၁) ဤဥပဒေကို၊ ၁၉၆၃ ခုနှစ်၊ မီးသတ်တပ်ဖွဲ့ဥပဒေဟုခေါ်တွင်စေရမည်။

အမည် အာဏာတည်သည့်နေ့နှင့်ဒေသ။

(၂) ဤဥပဒေသည်၊ ပြည်ထောင် စုမြန်မာ နိုင်ငံ တော်လှန်ရေးအစိုးရက အခါအားလျော်စွာအမိန့်ကြော်ငြာစာ ထုတ်ပြန်၍၊ သတ်မှတ်သည့်အရပ်ဒေသများတွင်၊ ယင်းသို့ သတ်မှတ်သည့်နေ့ရက်များ၌ စတင်အာဏာတည်ရမည်။ ထို့ပြင် ပြည်ထောင်စုမြန်မာနိုင်ငံ တော်လှန်ရေး အစိုးရသည်၊ အမိန့်ကြော်ငြာစာထုတ်ပြန်၍ ဤဥပဒေတခုလုံးကိုသော်၎င်း၊ အစိတ်အပိုင်းကိုသော်၎င်း၊အဆိုပါအရပ်ဒေသ တခုခုတွင် အာဏာတည်ခြင်းမှ ရပ်စဲရမည်ဟု ကြေညာနိုင်သည်။ယင်းသို့ရပ်စဲသည့်အခါ၊မြန်မာနိုင်ငံယေဘုယျစကားရပ် အက်ဥပဒေ ပုဒ်မ ၅ ပါပြဋ္ဌာန်းချက်များအကျိုးသက်ရောက်စေရမည်။

၂။ ။ဤဥပဒေတွင် အကြောင်းအရာနှင့်ဖြစ်စေ၊ ရှေ့နောက်စကားတို့၏ အဓိပ္ပါယ်နှင့်ဖြစ်စေ၊မဆန့်ကျင်လျှင် —

အဓိပ္ပါယ်ရှင်းလင်းဖော်ပြချက်။

(က) ''အစိုးရ'' ဆိုသည်မှာ၊ ပြည်ထောင်စု မြန်မာ နိုင်ငံ တော်လှန်ရေးအစိုးရ ကိုဆိုလိုသည်။

(ခ) ''မီးဘေးတားဆီးရေးနှင့်ကြီးကြပ်ရေးအဖွဲ့'' ဆိုသည်မှာ၊ ပုဒ်မ ၃ (၁) အရ၊ အစိုးရက၊ အခါအားလျော်စွာအမိန့်ကြော်ငြာစာ ထုတ်ပြန်၍ ဖွဲ့စည်းသည့် အဖွဲ့များအပြင်၊ အလားတူ အမိန့်ကြော်ငြာစာထုတ်ပြန်ခြင်းဖြင့်၊ထိုအဖွဲ့များ၏ အာဏာအားလုံးကိုဖြစ်စေ၊ အာဏာတစိတ်တဒေသကိုဖြစ်စေ၊ အပ်နှင်းခြင်းခံရသောအဖွဲ့များ၊ သို့တည်းမဟုတ် ကော်မီတီများ၊ သို့တည်း မဟုတ် ကောင်စီများကိုဆိုလိုသည်။

(ဂ) ''အရံမီးသတ်တပ်ဖွဲ့'' ဆိုသည်မှာ၊ ဤဥပဒေအရ ပြုသည့်နည်းဥပဒေများအရဖွဲ့စည်းသောမည်သည့် အရံမီးသတ်တပ်ဖွဲ့ကိုမဆို ဆိုလိုသည်။

(ဃ) ''သီးသန့်မီးသတ်အဖွဲ့'' ဆိုသည်မှာ၊ မည်သည့်အလုပ်ရုံကိုမဆို၊ မီးဘေးမှ ကာကွယ်ရန်၊ အလုပ်ရုံပိုင်ရှင်က ဖွဲ့စည်းထားသည့် ကိုယ်ပိုင်မီးသတ်အဖွဲ့ကိုဆိုလိုသည်။

(င) ''ညွှန်ကြားရေးမှူး'' ဆိုသည်မှာ၊ အစိုးရက ပုဒ်မ ၄ (၁) အရ ခန့်ထားသည့်မီးသတ်ဌာနညွှန်ကြားရေးမှူးကိုဆိုလိုသည်။

(စ) ''မီးသတ်ဝန်ထမ်း'' ဆိုသည်မှာ၊ အစိုးရက ခန့်ထားသည့် မီးသတ်ဌာန ပြန်တမ်းဝင် တာဝန်ခံများနှင့် ညွှန်ကြားရေးမှူးက ခန့်ထားသည့်ပြန်တမ်းဝင်မဟုတ်သော တာဝန်ဆောင်အားလုံး ကို ဆိုလိုသည်။

(ဆ) ''မီးသတ်အာဏာပိုင်'' ဆိုသည်မှာ၊ မီးဘေးတားဆီးရေးနှင့် ကြီးကြပ်ရေးအဖွဲ့ဝင်များ၊ ညွှန်ကြားရေးမှူး၊ ဒုတိယ ညွှန်ကြားရေးမှူး၊ လက်ထောက်ညွှန်ကြားရေးမှူးများ၊ တိုင်း မီးသတ် တာဝန်ခံများ၊ ခရိုင်မီးသတ် တာဝန်ခံများ၊ လက်ထောက်ခရိုင် မီးသတ်တာဝန်ခံများ၊ အခြေခံမီးသတ် တာဝန်ခံများနှင့် အရံ မီးသတ်တပ်ဖွဲ့တာဝန်ခံများကိုဆိုလိုသည်။

(ဇ) ''ခရိုင်'' ဆိုသည်မှာ၊ အခွန်နှင့် အရပ်ရပ်စီရင်အုပ်ချုပ်မှုအလို့ငှါ၊ ခရိုင်အဖြစ်ဖွဲ့စည်းထားသည့်၊ သို့တည်းမဟုတ် ဤဥပဒေအရ ခရိုင်အဖြစ်ဖွဲ့စည်းထားသည့်အရပ်ဒေသကိုဆိုလိုသည်။

(ဈ) ''မြို့နယ်'' ဆိုသည်မှာ၊ အခွန်နှင့်အရပ်ရပ်စီရင်အုပ်ချုပ်မှုကိစ္စအလို့ငှါ၊ မြို့နယ်အဖြစ် ဖွဲ့စည်းထားသည့်၊ သို့တည်းမဟုတ် ဤဥပဒေအရ မြို့နယ်အဖြစ်ဖွဲ့စည်းထားသည့်အရပ်ဒေသကိုဆိုလိုသည်။

(ည) ''မြို့မ'' ဆိုသည်မှာ၊ မြို့များအက်ဥပဒေအရ မြို့ဟု အမိန့်ပြန်ကြော်ငြာထားသည့်အရပ်ဒေသ၊ သို့တည်းမဟုတ် မြူနီစီပါယ် အက်ဥပဒေအရကြေညာထားသည့်မြို့မဟုတ်သောအရပ်ဒေသကို ဆိုလိုသည်။

(ဋ) ''ကျေးရွာ'' ဆိုသည်မှာ၊ ကျေးရွာ အက်ဥပဒေ ပုဒ်မ ၄ (၇) အရ သတ်မှတ်ထားသောအရပ်ဒေသကို ဆိုလိုသည်။

(ဌ) ''ကျေးရွာအုပ်စု'' ဆိုသည်မှာ၊ ရွာတရွာ၊ သို့တည်းမဟုတ် ရွာအများပါဝင်သည့်ကျေးရွာ အက်ဥပဒေအရ၊ ကျေးရွာနယ်မြေ (Village Tract)ဟု အသိအမှတ်ပြုထားသော ''ရွာသူကြီး'' တပိုင်းအတွင်းရှိ ရွာတစုပါဝင်သည့်အရပ်ဒေသကို ဆိုလိုသည်။

(ဍ) ''မီးသတ်ကိရိယာ'' ဆိုသည်မှာ၊ မီးသတ်ရာ၌အသုံးပြုသည့် မီးသတ်စက်များ၊ ရေစုပ်စက်များ၊ အသက်ကယ်ဆယ်ရန်ကိရိယာများအပြင်၊ မီးသတ်ရာ၌ အသုံးပြုသော မော်တော်ကား၊ မော်တော်ဆိုင်ကယ်၊ နောက်ဆက်တွဲစက်စသည့် သယ်ယူပို့ဆောင်ရေးယာဉ်များနှင့် မီးကိုငြိမ်းသတ်ရန် အသုံးပြုနိုင်သော အခြား ကိရိယာတန်ဆာ အရာဝတ္ထုဟူသမျှကိုဆိုလိုသည်။

(ဎ) ''မီးဘေးအန္တရာယ်ဖြစ်စေတတ်သည့်ဝတ္ထုပစ္စည်း'' ဆိုသည်မှာ၊ ဝါး၊ ကော်ဖြင့်လုပ်သောကုန်ပစ္စည်း၊ မီးသွေး၊ ရုပ်ရှင်ကော်ပြား၊ ကျောက်မီးသွေး၊ အုန်းဆံ၊ ဓနိ၊ သက်ငယ်၊ ဝါးကပ်၊ ဝါထရံ၊ ကျူထရံ၊ ဝါဂွမ်း၊ ဂုံနီလျှော်၊ ပိုက်ဆံလျှော်မျှင်၊ မြက်ခြောက်၊ ကောက်ရိုး၊ မီးခြစ်၊ ဓါတ်ဆီ၊ ဆီအမျိုးမျိုး၊ ရေနံမှချက်လုပ်သော ဆီများ၊ အရက်ပျံ၊ လွှစာ၊ ကဏ္ဍာစေး၊ ဖယောင်းအမျိုးမျိုး၊ သဘော်ဆေး၊ ဖွဲ၊ ငရုတ်မှုန့်နှင့်အစိုးရက အခါအားလျော်စွာအမိန့် ကြော်ငြာစာဖြင့် သတ်မှတ်သည့် အခြား ဝတ္ထုပစ္စည်းများကို ဆိုလိုသည်။

(ဏ) ''ပေါက်ကွဲစေတတ်သည့် ဝတ္ထုပစ္စည်းများ'' ဆိုသည်မှာ၊ ဓါတုဗေဒပစ္စည်းအမျိုးမျိုး၊ ယမ်း၊ ယမ်းဘီးလုံး၊ ယမ်းသွင်းဂွမ်း၊ ပေါက်ကွဲစေတတ်သည့်ယမ်း၊ ငြဒါးဆား၊ အခြားသတ္တုဆား၊ ရောင်စုံ

မီးယမ်းနှင့်လောင်ဆီ၊ ထို့ပြင်အထက်တွင်ဖော်ပြထားသည့်ဝတ္ထုပစ္စည်းများနှင့် အလားတူသည်ဖြစ်စေ၊ မတူသည်ဖြစ်စေ၊ ပေါက်ကွဲစေရန်၊ သို့တည်းမဟုတ် မီးရှူးမီးပန်းများကဲ့သို့ ပေါက်ကွဲစေရန်ရည်ရွယ်၍အသုံးပြုသည့်၊ သို့တည်းမဟုတ်ပြုလုပ်သည့်အခြားဓါတ်သတ္တုပစ္စည်းဟူသမျှကို ဆိုလိုသည့်ပြင်၊ ထိုစကားရပ်တွင် နှင်းခဲ အထိမ်းအမှတ်၊ မီးရှူး မီးပန်း၊ စံနက်၊ ဒုန်းစံနက်ခွံ၊ စံနက်မောင်း၊ ယမ်းတောင့် ခဲယမ်း၊ မီးကျောက် အမျိုးမျိုးနှင့် အထက်တွင် အဓိပ္ပါယ်ဖော်ပြထားသည့်အတိုင်း ပေါက်ကွဲစေတတ်သည့် ဝတ္ထုပစ္စည်းဖြစ်အောင် ပြုပြင်စီမံထားသည့် ဝတ္ထုပစ္စည်းဟူသမျှလည်းပါဝင်သည်။

(တ) ''မီးသေးစိုးရိမ်ရသောစျေးဆိုင်ကန္နား'' ဆိုသည်မှာ၊ မီး၊ သို့တည်းမဟုတ် လျှပ်စစ်ဓါတ်အား၊ သို့တည်းမဟုတ် ဓါတ်ငွေ့ ဖြင့် အသက်မွေး ဝမ်းကျောင်း ပြုလုပ်သော မည်သည့် လုပ်ငန်း၊ သို့တည်းမဟုတ် နေရာ၊ သို့တည်းမဟုတ် အဆောက်အဦနှင့် တကွ ဥပစာကိုမဆို ဆိုလိုသည်။

(ထ) ''အလုပ်ရုံ'' ဆိုသည်မှာ၊ အလုပ်သမားပေါင်းတဆယ်၊ သို့တည်းမဟုတ် ထိုထက်ပိုမိုသည့် အလုပ်သမားများ လုပ်နေသည့်၊ သို့တည်းမဟုတ် လွန်ခဲ့သည့် တဆယ့်နှစ်လအတွင်း မည်သည့် ရက်တွင်မဆို လုပ်နေခဲ့သည့်ပြင်၊ ပြုလုပ်မှု လုပ်ငန်းစဉ် အတိုင်း လုပ်သော အစိတ်အပိုင်းတခုခုတွင်၊ အားအကူအညီဖြင့်လုပ်နေသည့်၊ သို့တည်းမဟုတ် သာမန်အားဖြင့်လုပ်သည့် အဆောက်အဦ တခုခုနှင့်တကွ၊ ဥပစာ ကိုပါဆိုလိုသည်။ ထို့ပြင်အလုပ်ရုံဆိုသည်တွင် အလုပ်သမားပေါင်း နှစ်ဆယ်၊ သို့တည်းမဟုတ် ထိုထက်ပိုမိုသည့် အလုပ်သမားများ လုပ်နေသည့်၊ သို့တည်းမဟုတ် လွန်ခဲ့သည့်တဆယ့်နှစ်လအတွင်းမည်သည့်ရက်တွင်မဆို လုပ်နေခဲ့သည့်ပြင်၊ ပြုလုပ်မှုလုပ်ငန်းစဉ်အတိုင်းလုပ်သည့် အစိတ်အပိုင်းတခုခုတွင် အားအကူအညီမရှိဘဲ လုပ်နေသည့်၊ သို့တည်းမဟုတ် သာမန်အားဖြင့်ယင်းသို့လုပ်သည့်အဆောက်အဦတခုခုနှင့်တကွ ဥပစာ လည်းပါဝင်သည်။ သို့ရာတွင် သတ္တုတွင်းအက်ဥပဒေနှင့်သက်ဆိုင်သည့် သတ္တုတွင်းမပါဝင်ချေ။

(ဒ) ''ပွဲလမ်းသဘင်'' ဆိုသည်မှာ၊ ပြပွဲ၊ ပြိုင်ပွဲ၊ အငြိမ့်၊ ပြဇာတ်၊ ရုပ်ရှင်၊ ဇာတ်ပွဲ၊ သို့တည်းမဟုတ် ပျော်ပွဲရွှင်ပွဲများကိုဆိုလိုသည်။

(ဓ) ''နည်းဥပဒေ'' ဆိုသည်မှာ၊ ဤဥပဒေအရပြုသော နည်းဥပဒေကို ဆိုလိုသည်။

(န) ''ဒေသန္တရအဖွဲ့'' ဆိုသည်မှာ၊ မြူနီစီပါယ်အက်ဥပဒေအရသော်၎င်း၊ ကျေးလက်ကိုယ်ပိုင်အုပ်ချုပ်ရေး အက်ဥပဒေအရသော်၎င်း၊ ရန်ကုန်မြို့ မြူနီစီပါယ် အက်ဥပဒေ အရ သော်၎င်း၊ ၁၉၅၃ ခုနှစ်၊ ဒီမိုကရေစီ ဒေသန္တရအုပ်ချုပ်ရေး အက်ဥပဒေအရ သော်၎င်း ဖွဲ့စည်းထားသောဒေသန္တရအဖွဲ့ကိုဆိုလိုသည်။

ငါးဖမ်းတားဆီးရေးနှင့် ကြီးကြပ်ရေး အဖွဲ့များ ဖွဲ့စည်းခြင်း။

၃။ ။(၁) အစိုးရသည်၊ မီးဘေးတားဆီးရန်နှင့် အရံ မီးသတ်တပ်ဖွဲ့များနှင့်သီးသန့်မီးသတ်အဖွဲ့များကိုကြီးကြပ်ရန်အလို့ငှါ—

(က) ဗဟိုမီးဘေးတားဆီးရေးနှင့် ကြီးကြပ်ရေး အဖွဲ့၊

(ခ) တိုင်းမီးဘေးတားဆီးရေးနှင့် ကြီးကြပ်ရေးအဖွဲ့များ၊

(ဂ) ခရိုင်မီးဘေးတားဆီးရေးနှင့်ကြီးကြပ်ရေးအဖွဲ့များ၊

(ဃ) မြို့နယ်မီးဘေးတားဆီးရေးနှင့်ကြီးကြပ် ရေးအဖွဲ့များ၊

(င) ကျေးရွာအုပ်စု မီးဘေးတားဆီးရေးနှင့်ကြီးကြပ်ရေးအဖွဲ့များ၊

(စ) ကျေးရွာမီးဘေးတားဆီးရေးနှင့် ကြီးကြပ်ရေးအဖွဲ့များ နှင့်

(ဆ) ရန်ကုန်မြို့၊ မီးဘေးတားဆီးရေးနှင့် ကြီးကြပ်ရေးအဖွဲ့များ

ကိုဖွဲ့စည်းနိုင်သည်။

(၂) ပုဒ်မခွဲ (၁) တွင်ဖော်ပြထားသောမီးဘေးတားဆီးရေးနှင့် ကြီးကြပ်ရေးအဖွဲ့အသီးသီးတို့၏ကြီးကြပ်ကွပ်ကဲမှုနှင့် ၎င်းတို့၏ဆောင်ရွက်ရန် တာဝန်ဝတ္တရားများသည်၊ နည်းဥပဒေများနှင့်အညီဖြစ်စေရမည်။

မီးသတ်ဌာန ညွှန်ကြားရေးမှူးနှင့် မီးသတ်ဝန်ထမ်းများခန့်အပ်ခြင်း။

၄။ ။(၁) အစိုးရသည်၊ မီးသတ်တာဝန်ဝတ္တရားများကိုတာဝန်ယူဆောင်ရွက်ရန်အလို့ငှါ၊ မီးသတ်ဌာန ညွှန်ကြားရေးမှူး တဦးကို ခန့်ထားရမည်။ ထို့ပြင် မိမိသင့်သည် ထင်မြင်သည့် အရေအတွက်ရှိသော ဒုတိယ ညွှန်ကြားရေးမှူးများ၊ လက်ထောက်ညွှန်ကြားရေးမှူးများ၊ တိုင်းမီးသတ်တာဝန်ခံများ၊ ခရိုင်မီးသတ်တာဝန်ခံများနှင့် လက်ထောက်ခရိုင်မီးသတ်တာဝန်ခံများကိုခန့်ထားနိုင်သည်။

(၂) ညွှန်ကြားရေးမှူးသည်၊ အစိုးရ၏ ညွှန်ကြားချက်ကို လိုက်နာလျက် မီးသတ်ဝန်ထမ်းများကိုကြီးကြပ်အုပ်ချုပ်ရမည်။

(၃) ညွှန်ကြားရေးမှူးသည်၊ နည်းဥပဒေများနှင့်အညီ မီးသတ်ဌာနပြန်တမ်းဝင်မဟုတ်သောအခြားမီးသတ်ဝန်ထမ်းများကိုခန့်ထားနိုင်သည်။

(၄) ညွှန်ကြားရေးမှူးမှတပါး၊ ဒုတိယ ညွှန်ကြားရေးမှူးများ၊ လက်ထောက်ညွှန်ကြားရေးမှူးများ၊ တိုင်းမီးသတ်တာဝန်ခံများ၊ ခရိုင်မီးသတ်တာဝန်ခံများ၊ လက်ထောက် ခရိုင်မီးသတ် တာဝန်ခံများနှင့် အခြားပြန်တမ်းဝင်မဟုတ်သော မီးသတ်ဝန်ထမ်းများကိုခန့်အပ်ခြင်းနှင့် ရာထူးမှရပ်စဲခြင်းအစရှိသော ဌာနဆိုင်ရာအရေးယူဆောင်ရွက်မှုများသည်၊ နည်းဥပဒေများနှင့်အညီဖြစ်စေရမည်။

ညွှန်ကြားရေးမှူးက အရံ မီးသတ် တပ်ဖွဲ့တို့ကို အုပ်ချုပ်ခြင်းနှင့် သီးသန့်မီးသတ်အဖွဲ့တို့ကို စစ်ဆေးခြင်း။

၅။ ။(၁) ဤဥပဒေ အာဏာတည်သည့် နေ့ရက်မှစ၍ ညွှန်ကြားရေးမှူးသည်၊ အစိုးရ၏ ညွှန်ကြားချက်ကိုလိုက်နာလျက်၊ အရံ မီးသတ် တပ်ဖွဲ့အားလုံးကို၊ ကြီးကြပ်အုပ်ချုပ်ရမည်။

(၂) ဤဥပဒေ အာဏာတည်သည့် နေ့ရက်မှစ၍၊ သီးသန့်မီးသတ်အဖွဲ့အားလုံးသည်၊ စံနစ်တကျ ဖွဲ့စည်းထားခြင်းရှိ မရှိ၊ မီးသတ်ကိရိယာများပြည့်စုံလုံလောက်ခြင်းရှိ မရှိ၊ မီးငြိမ်းသတ်ရန်ရေလုံလောက်စွာရရှိရေးကိုစီမံထားခြင်းရှိမရှိ အစရှိသည်တို့ကို၊ ညွှန်ကြားရေးမှူးကဖြစ်စေ၊ ၎င်းကအာဏာလွှဲအပ်ထားသောမီးသတ်တာဝန်ခံကဖြစ်စေ အနည်းဆုံးတနှစ်တကြိမ်ကြည့်ရှုစစ်ဆေး၍ လိုအပ်သလိုညွှန်ကြားရမည်။

(၃) ပုဒ်မခွဲ (၂) အရ၊ ညွှန်ကြားရေးမှူးကဖြစ်စေ၊ ၎င်းကအာဏာလွှဲအပ်ထားသော မီးသတ်တာဝန်ခံကဖြစ်စေ၊ ထုတ်ဆင့်သော ညွှန်ကြားချက်ကို မလိုက်နာပါက၊ သီးသန့်မီးသတ်အဖွဲ့ကိုတာဝန်ခံ ဖွဲ့စည်းသောအလုပ်ရုံပိုင်ရှင်သည်၊ သုံးနှစ်ထိထောင်ဒဏ်ဖြစ်စေ၊ ကျပ်ငါးရာထိငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေစီရင်ခြင်းခံရမည်။

အလုပ်ရုံတွင်မီးသတ်အဖွဲ့ ဖွဲ့စည်းရန်ဆင့်ဆိုခြင်း။

၆။ ။(၁) ဤဥပဒေအာဏာတည်သည့်နေ့ရက်မှစ၍၊ အလုပ်ရုံတစုံတရာကို မီးသင့်လောင်ခြင်းဘေးအန္တရာယ်မှကြိုတင်ကာကွယ်နိုင်ရန် အလို့ငှါ၊ နည်းဥပဒေများအရ၊ မီးသတ်အဖွဲ့ ဖွဲ့စည်းရန် လိုအပ်သည်ဟု ညွှန်ကြားရေးမှူးက ယူဆလျှင်၊ ထိုအလုပ်ရုံအတွက်သင့်တော်သည့်အရေအတွက်ရှိသောသီးသန့်မီးသတ်အဖွဲ့ကို ဖွဲ့စည်းရန်အလုပ်ရုံပိုင်ရှင်အား၊ ညွှန်ကြားရေးမှူးကအမိန့်စာချအပ်၍ဆင့်ဆိုနိုင်သည်။

(၂) ပုဒ်မခွဲ (၁) ပါပြဋ္ဌာန်းချက်အရ၊ ညွှန်ကြားရေးမှူးက အမိန့်စာချအပ်ဆင့်ဆိုခြင်း ခံရသည့်အလုပ်ရုံပိုင်ရှင်မှာ၊ သို့တည်းမဟုတ် ထိုအလုပ်ရုံပိုင်ရှင်က တရားဥပဒေအရ၊ အခွင့်အာဏာလွှဲအပ်ထားသည့်ကိုယ်စားလှယ်မှာ၊ အမိန့်စာကို ရရှိသည့်နေ့မှ ရက်ပေါင်း ၃၀ အတွင်း၊ ထိုအမိန့်ကို၊ အစိုးရထံသို့ဖြစ်စေ၊ ဤကိစ္စအလို့ငှါ အစိုးရကခန့်ထားသည့်အာဏာပိုင်ထံသို့ဖြစ်စေ အယူခံနိုင်ခွင့်ရှိစေရမည်။ အစိုးရသည်၊ သို့တည်းမဟုတ်အစိုးရက ခန့်ထားသည့်အာဏာပိုင်သည်၊ ညွှန်ကြားရေးမှူး၏အမိန့်ကို အတည်ပြု၊ ပြောင်းလဲပြင်ဆင်၊ သို့တည်းမဟုတ် ပယ်ဖျက်နိုင်သည်။

(၃) မီးလောင်မှုဖြစ်ပွါးသည့်အခါ၊ ထိုမီးကိုနိုင်နင်းစွာငြိမ်းသတ်ရန် အလို့ငှါ၊ မီးသတ်ဝန်ထမ်းများကိုဖြစ်စေ၊ အနံ့မီးသတ်တပ်ဖွဲ့ကိုဖြစ်စေ အကူအညီပေးရန် အမှန်တကယ်လိုအပ်သည်ဟု သက်ဆိုင်ရာ မီးသတ်အာဏာပိုင်က ယူဆလျှင်၊ မီးလောင်ရာအရပ်ဒေသနှင့်နီးစပ်သော သီးသန့်မီးသတ်အဖွဲ့အား၊ ထိုသို့အကူအညီပေးရန် နှုတ်ဖြင့်ဖြစ်စေ၊ စာဖြင့်ဖြစ်စေ၊ ညွှန်ကြားနိုင်သည်။

(၄) ပုဒ်မခွဲ (၃) အရသက်ဆိုင်ရာမီးသတ်အာဏာပိုင်က ထုတ်ဆင့်သော အမိန့်၊ သို့တည်းမဟုတ် ညွှန်ကြားချက်ကို၊ လုံလောက်သောအကြောင်းမရှိဘဲလိုက်နာရန်ပျက်ကွက်သော သီးသန့်မီးသတ်အဖွဲ့ တာဝန်ခံသည်၊ သို့တည်းမဟုတ်ထိုသီးသန့်မီးသတ်အဖွဲ့ကိုတာဝန်ခံ၍ဖွဲ့စည်းသောအလုပ်ရုံပိုင်ရှင်သည်၊ သုံးနှစ်ထိထောင်ဒဏ်ဖြစ်စေ၊ ကျပ်ငါးရာထိငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေစီရင်ခြင်းခံရမည်။

ဗဟိုမီးဘေး တားဆီးရေးနှင့်ကြီးကြပ်ရေးအဖွဲ့က အမိန့်ထုတ်ဆင့်ခြင်း။

၇။ ။ဗဟိုမီးဘေး တားဆီးရေးနှင့် ကြီးကြပ်ရေးအဖွဲ့သည်၊ အစိုးရ၏ ညွှန်ကြားချက်များကို လိုက်နာ၍နည်းဥပဒေများအရ၊ ပေးအပ်ထားသော တာဝန်ဝတ္တရားများအတွက်၊ မိမိသင့်သည်ထင်မြင်သည့် သာမန်၊ သို့တည်းမဟုတ်အထူးအမိန့်များကို အခါအားလျော်စွာထုတ်ဆင့်နိုင်သည်။

မီးသတ် အာဏာပိုင်တို့၏ အာဏာနှင့်တာဝန်ဝတ္တရားများ။

၈။ ။(၁) မီးလောင်သည့်အခါ၊ မီးလောင်သည့်နေရာတွင်ရှိသော အကြီးဆုံးမီးသတ်အာဏာပိုင်သည်—

(က) မီးသတ်ရာသို့ လာရောက်၍မီးသတ်အဖွဲ့အား၊ နည်းလမ်းတကျ မီးသတ်ခြင်း မပြုနိုင်လောက်အောင် အနှောင့်အယှက် ဖြစ်စေသူများကို ဖယ်ရှားနိုင်သည်၊ သို့တည်းမဟုတ် ဖယ်ရှားရန်မီးသတ်ဝန်ထမ်းတဦးဦး

အား၊ သို့တည်းမဟုတ် အရံမီးသတ်တပ်ဖွဲ့ဝင်တဦးဦးအား၊ အမိန့်ပေးနိုင်သည်။

(ခ) မိမိကိုယ်တိုင်ဖြစ်စေ၊ မိမိ၏အမိန့်ကိုလိုက်နာ၍မီးသတ်ဝန်ထမ်းများ၊ သို့တည်းမဟုတ် အရံမီးသတ်တပ်ဖွဲ့ဝင်များကဖြစ်စေ၊ မီးသတ်ရန်ကိစ္စအလို့ငှါ မည်သည့်အဆောက်အဦ ဥပစာများကိုမဆို၊ အပျက်အစီးနည်းနိုင်သမျှနည်းအောင်ဖေါက်၍ ဝင်ရောက်ဖြတ်သန်းသွားနိုင်သည်၊ သို့တည်းမဟုတ်ဖြိုဖျက်နိုင်သည်။

(ဂ) မီးလောင်သည့်နေရာတွင်ရေအားပိုမိုသန်လာအောင် အခြားမည်သည့်ဒေသတွင်မဆိုရှိသည့်ပြွန်မ၊ ပြွန်မွှာများကို ပိတ်ထားစေနိုင်သည်။

(ဃ) ယေဘုယျအားဖြင့် အသက်နှင့်စည်းစိမ်ကိုထိန်းသိမ်းစောင့်ရှောက်ရန်လိုမည်ထင်သည့်စီမံချက်များကိုဆောင်ရွက်နိုင်သည်။

(၂) ဤပုဒ်မအရအပ်နှင်းသည့်အာဏာကိုဖြစ်စေ၊ တာဝန်ဝတ္တရားများကိုဖြစ်စေ ဆောင်ရွက်ရာ၌ အဆောက်အဦ၊ သို့တည်းမဟုတ် ပစ္စည်းတခုခုပျက်စီးလျှင်၊ ယင်းသို့ပျက်စီးခြင်းသည်၊ မီးအာမခံစာချုပ်အဓိပ္ပါယ်အလို့ငှါ မီးလောင်ကျွမ်း၍ ပျက်စီးခြင်းဖြစ်သည်ဟုမှတ်ယူရမည်။

(၃) မီးလောင်သည့်အခါ၊ မီးကြိုတင်တားဆီးသည့်အနေဖြင့် အဆောက်အဦများအဖျက်ခံရပါက၊ ထိုနေရာတွင်ရှိသောအကြီးဆုံး မီးသတ်အာဏာပိုင်က၊ ထိုကဲ့သို့အဖျက်ခံရကြောင်း၊ ထို့ပြင်မီးသတ်အာဏာပိုင်များမရောက်မီ၊ အရပ်မှ ကြိုတင်ကာကွယ်သည့်အနေဖြင့်ဖျက်သိမ်းကြောင်းအကြောင်းလုံလောက်လျှင်၊ သက်ဆိုင်သူအား၊ ထိုကဲ့သို့ဖျက်ဆီးကြောင်းထောက်ခံချက် လက်မှတ်ထုတ်ပေးရမည်။

(၄) မီးလောင်သည့်အခါ၊ မီးလောင်သည့်နေရာတွင်ရှိသော အကြီးဆုံး မီးသတ်အာဏာပိုင်သည်၊ မီးသတ်ဝန်ထမ်းတဦးကိုဖြစ်စေ၊ အများကိုဖြစ်စေ၊ အရံမီးသတ်တပ်ဖွဲ့ဝင်တဦးကိုဖြစ်စေ၊ အများကိုဖြစ်စေ ရွေးချယ်၍အလှမ်းဝေးသောနေရာတွင်၊ မိမိကိုယ်စားဆောင်ရွက်ရန်နှုတ်ဖြင့်သော်၎င်း၊ စာဖြင့်သော်၎င်း တာဝန်လွှဲအပ်နိုင်သည်။ အဆိုပါမီးသတ်ဝန်ထမ်း၊ သို့တည်းမဟုတ်အရံမီးသတ်တပ်ဖွဲ့ဝင်သည်၊ သို့တည်းမဟုတ်၊ မီးသတ်ဝန်ထမ်းများ၊ သို့တည်းဟုတ် အရံမီးသတ် တပ်ဖွဲ့ဝင်များ သည်၊ ဤပုဒ်မအရ အကြီးဆုံးမီးသတ် အာဏာပိုင်ကိုယ်တိုင်ရရှိသည့်အာဏာများကိုအခါအားလျော်စွာရရှိစေရမည်။

(၅) မီးလောင်သည့်အခါ၊ မီးလောင်သည့် နေရာတွင်ရှိသော အကြီးဆုံးရဲဘာဝန်ခံကဖြစ်စေ၊ ထိုရဲဘာဝန်ခံမရှိလျှင်၊ အကြီးဆုံးမီးသတ်တာဝန်ခံကဖြစ်စေ၊ မီးငြိမ်းသတ်ရန်အတွက် လိုအပ်သည်ဟုယူဆလျှင်၊ မည်သည့်လမ်းကိုမဆို၊ မည်သည့်ယာဉ်မျှ ဝင်ရောက်ခြင်း၊ သို့တည်းမဟုတ် ဖြတ်သန်းသွားလာခြင်း၊ သို့တည်းမဟုတ် ရပ်နားထားခြင်းမပြုရန်ပိတ်ပင်တားမြစ်နိုင်သည်။

(၆) **အစိုးရသည်၊** ဒေသအလိုက် မီးသတ်အာဏာပိုင် အသီးသီး၏အဆင့်အတန်းကိုအခါအားလျော်စွာ၊ အမိန့်ကြော်ငြာစာဖြင့်သတ်မှတ်နိုင်သည်။

(၇) မည်သူမဆို၊ ဤပုဒ်မအရ၊ တာဝန်ဝတ္တရားဆောင်ရွက်နေသော မီးသတ်အာဏာပိုင်အားအနှောင့်အယှက်ပြုလျှင်၊ သို့တည်းမဟုတ် မီးသတ်အာဏာပိုင်က တရားသဖြင့်ပေးသောအမိန့်ကို လိုက်နာရန် ပျက်ကွက်လျှင်၊ သို့တည်းမဟုတ် မီးသတ်

သည့်ဝတ္တရားများကို ကျေပွန်စွာမဆောင်ရွက်နိုင်စေရန်အခြားပြုမှုတခုခုကိုပြုလျှင်၊ ထိုသူသည်၊ သုံးနှစ်ထိအောင်ထောင်ဒဏ်ဖြစ်စေ၊ ကျပ်ငါးရာထိငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ စီရင်ခြင်းခံရမည်။

**မီးလောင်ခြင်းနှင့် စပ်လျဉ်း၍ အရေးယူ ဆောင်ရွက်ရမည့်ကိစ္စများ။**

၉။ ။(၁) ဤဥပဒေအာဏာတည်သည့်ဒေသတွင်မီးလောင်လျှင်၊ သက်ဆိုင်ရာ မီးသတ်တာဝန်ခံသည်၊ မီးလောင်ရသည့် အကြောင်းခြင်းရာကို၊ သက်ဆိုင်ရာ မီးဘေးတားဆီးရေးနှင့် ကြီးကြပ်ရေးအဖွဲ့သို့ မီးလောင်ပြီးနောက် နှောင့်နှေးကြန့်ကြာခြင်းမရှိစေဘဲ၊ အစီရင်ခံရမည်။ အဆိုပါမီးလောင်ခြင်းသည်၊ မတော်တဆလောင်သောမီး၊ သို့တည်းမဟုတ် ပေါ့လျော့မှုကြောင့်လောင်သောမီးမဟုတ်ဘဲ၊ တမင်သက်သက်ရှို့၍လောင်သောမီးဖြစ်သည်ဟု၊ သို့တည်းမဟုတ်ဖြစ်တန်ရာသည်ဟုအစီရင်ခံလျှင်၊ သက်ဆိုင်ရာ မီးဘေးတားဆီးရေးနှင့်ကြီးကြပ်ရေးအဖွဲ့သည်၊ မီးလောင်သည့်မြို့ရွာမှ အကြီးဆုံးမီးသတ်တာဝန်ခံနှင့် ထိုမြို့ထိုရွာမှ အခြားပုဂ္ဂိုလ်နှစ်ဦးပါဝင်သည့် သုံးဦးအဖွဲ့အား၊ အသေးစိတ်စုံစမ်းစစ်ဆေးစေနိုင်သည်။

(၂) ဤဥပဒေအာဏာတည်သည့်ဒေသတွင် မီးလောင်လျှင်၊ ပုဒ်မခွဲ (၁) အရဖွဲ့စည်းထားသည့်သုံးဦးအဖွဲ့က၊ ထိုမီးစတင်လောင်ခြင်းသည်၊ စတင်လောင်ခြင်းခံရသောပစ္စည်းကိုပိုင်ဆိုင်သောသူ၊ သို့တည်းမဟုတ်ထိုပစ္စည်းတွင်လက်ရှိနေထိုင်သောသူ၊ သို့တည်းမဟုတ်ထိုသူနှင့်အတူ ထိုပစ္စည်းတွင်နေထိုင်သောသူက၊ မသမာသောစိတ်ဖြင့် ထိုပစ္စည်းကို၊ မိမိကိုယ်တိုင်မီးရှို့ခြင်းကြောင့်ဖြစ်စေ၊ တပါးသောသူအား မီးရှို့စေခြင်းကြောင့်ဖြစ်စေ မီးစတင်လောင်ခြင်းဖြစ်သည်ဟု၊ သို့တည်းမဟုတ် ဖြစ်တန်ရာသည်ဟု စစ်ဆေးတွေ့ရှိသည့်အခါ၊ ထိုသူသည်၊ ရာဇသတ်ကြီးအရအရေးယူခြင်းခံရမည်။ ထိုသုံးဦးအဖွဲ့၏ အစီရင်ခံချက်ကိုမူတည်၍၊ သက်ဆိုင်ရာမီးဘေးတားဆီးရေးနှင့်ကြီးကြပ်ရေးအဖွဲ့သည်၊ ထိုမီးလောင်သည့်အချိန်မှစ၍၊ ထိုမီးစတင်လောင်ခြင်းခံရသည့်ပစ္စည်းတည်ရှိရာမြေနှင့် ထိုမြေရှိပစ္စည်းအားလုံးကို၊ အစိုးရကပိုင်ဆိုင်ရမည်ဟု ကျေညာရမည်။ ထိုသို့ကျေညာသည့်အချိန်မှစ၍ ထိုမြေနှင့်၎င်း၊ ထိုပစ္စည်းများနှင့်၎င်း စပ်လျဉ်း၍မူလပိုင်ရှင်၏ပိုင်ဆိုင်ခွင့်နှင့်အကျိုးခံစားခွင့်အားလုံးရုပ်စဲရမည်။

(၃) အဆိုပါသုံးဦးအဖွဲ့၏အစီရင်ခံချက်အရ၊ ဟုံမီးစတင်လောင်ခြင်းသည် စတင်လောင်ခြင်းခံရသည့်ပစ္စည်းကို ပိုင်ဆိုင်သောသူ၊ သို့တည်းမဟုတ် ထိုပစ္စည်းတွင် လက်ရှိနေထိုင်သောသူ၊ သို့တည်းမဟုတ် ထိုသူနှင့်အတူ ထိုပစ္စည်းတွင် နေထိုင်သောသူ၏ပေါ့လျော့မှုကြောင့်ဖြစ်စေ၊ အခြားသူတဦး၊ သို့တည်းမဟုတ် အများက ရပ်ရွာငြိမ်းချမ်းရေးကို နှောင့်ယှက်ဖျက်ဆီးရန်၊ သို့တည်းမဟုတ်ရာဇဝတ်မှုကျူးလွန်ရန်အကြံဖြင့် တမင်သက်သက် မီးရှို့ခြင်းကြောင့်ဖြစ်စေ၊ စတင်လောင်ခြင်း ဖြစ်သည်ဟု၊ သို့တည်းမဟုတ် ဖြစ်တန်ရာသည်ဟု သက်ဆိုင်ရာမီးဘေးတားဆီးရေးနှင့် ကြီးကြပ်ရေးအဖွဲ့က ယုံကြည်လျှင်၊ ထိုမီးစတင်လောင်ခြင်းခံရသည့်ပစ္စည်းတည်ရှိရာမြေနှင့် ထိုမြေရှိပစ္စည်းများကို၊ အစိုးရကပိုင်ဆိုင်ရမည်ဟုမကျေညာရ။ သို့သော်လည်း ပေါ့လျော့မှုကြောင့်လောင်သောမီးအတွက် တာဝန်ရှိသူသည်၊ ရာဇသတ်ကြီးအရအရေးယူခြင်းခံရမည်။

(၄) ထို့ပြင် အဆိုပါသုံးဦးအဖွဲ့၏ အစီရင်ခံချက်အရ ထိုမီးမှာ၊ ထိုအနီးပတ်ဝန်းကျင်ရှိ ပစ္စည်းကိုပိုင်ဆိုင်သော သူတဦးဦး၏၊ သို့တည်းမဟုတ် ထိုပစ္စည်းတွင် လက်ရှိ နေထိုင်သောသူတဦးဦး၏ ပယောဂကြောင့်ဖြစ်စေ၊ စေခိုင်းမှုကြောင့်ဖြစ်စေ၊

စတင်လောင်ကျွမ်း၍၊ ထိုအနီးပတ်ဝန်းကျင်ရှိပစ္စည်းများကိုကူးစက်လောင်ကျွမ်းသည်ဟု သို့တည်းမဟုတ် ကူးစက်လောင်ကျွမ်းတန်ရာသည်ဟုသက်ဆိုင်ရာမီးဘေးတားဆီးရေးနှင့် ကြိုးကြပ်ရေးအဖွဲ့က မသင်္ကာဘွယ်ရာအကြောင်းရှိလျှင်၊ ထိုမီးစတင်လောင်ခြင်းခံရသောပစ္စည်းကိုပိုင်ဆိုင်သောသူ၊ သို့တည်းမဟုတ် ထိုပစ္စည်းတွင်လက်ရှိနေထိုင်သောသူနှင့် ထိုသို့မီးကူးစက်လောင်ခြင်းခံရသော အနီးပတ်ဝန်းကျင်ရှိ ပစ္စည်းကိုပိုင်ဆိုင်သောသူများအနက်၊ သို့တည်းမဟုတ် ထိုပစ္စည်းတွင်လက်ရှိနေထိုင်သောသူများအနက်၊ထိုမီးကိုရှို့ခိုင်းသည်ဟုမသင်္ကာခြင်းခံရသူ၏ မီးအာမခံထားရှိသည့် မီးလောင်ခံရသောပစ္စည်းတည်ရှိရာမြေများနှင့် ထိုမြေများရှိပစ္စည်းအားလုံးကိုလည်း၊ အစိုးရကပိုင်ဆိုင်ရမည်ဟု ထိုအဖွဲ့ကကြေညာရမည်။ ထိုသို့ကြေညာသည့်အချိန်မှစ၍၊ ထိုမြေများနှင့်၎င်း၊ ထိုပစ္စည်းများနှင့်၎င်း၊ စပ်လျဉ်း၍မူလပိုင်ရှင်များ၏ပိုင်ဆိုင်ခွင့်နှင့် အကျိုးခံစားခွင့်အားလုံးရပ်စဲရမည့်ပြင်၊ထိုမူလပိုင်ရှင်များသည်လည်း၊ထိုမီးရှို့မှုအတွက် ရာဇသတ်ကြီးအရ အရေးယူခြင်းခံရမည်။

## ဥပမာ

ဦးဖြူသည်၊ မိမိပိုင်ဆိုင်သည့်၊ သို့တည်းမဟုတ် မိမိလက်ရှိနေထိုင်သည့်ပစ္စည်း မီးလောင်လျှင်၊ မီးအာမခံပေါ်လစီမှ အကျိုးခံစားခွင့်ကို ရရှိရန်ကြံရွယ်ချက်ဖြင့် အနီးပတ်ဝန်းကျင်ရှိ ဦးမဲပိုင်ဆိုင်သည့်၊ သို့တည်းမဟုတ် ဦးမဲလက်ရှိနေထိုင်သည့်ပစ္စည်းကို မီးရှို့ရန် ဦးမဲအားခိုင်းစေ၏။ ဦးမဲသည်၊ မိမိ၏ပစ္စည်းကို မီးရှို့၍လောင်ကျွမ်းစေရာ၊ ထိုမီးသည်၊ဦးဖြူ၏ပစ္စည်းကိုလည်းကူးစက်လောင်ကျွမ်း၏။ထိုအခါတွင်ဦးမဲ၏မီးလောင်ခံရသောပစ္စည်းတည်ရှိရာမြေနှင့် ထိုမြေပစ္စည်းအားလုံးကိုသာမက၊ ဦးဖြူ၏မီးလောင်ခံရသောပစ္စည်းတည်ရှိရာမြေနှင့် ထိုမြေရှိပစ္စည်းအားလုံးကိုလည်း၊ အစိုးရကပိုင်ဆိုင်ရမည်။

(၅) ပုဒ်မခွဲ (၂) နှင့် (၄) အရ၊ အစိုးရပိုင်ဖြစ်လာသောပစ္စည်းတည်ရှိရာမြေသို့၊ မီးမလောင်မီကလက်ရှိနေထိုင်သူသော်၎င်း၊ ထိုသူ၏ကိုယ်စားလှယ်သော်၎င်း၊ ဤကိစ္စအလို့ငှါ အစိုးရက အာဏာအပ်နှင်းထားသူနှင့်အတူ ဝင်ရောက်၍ အလွယ်တကူရွှေ့ပြောင်းနိုင်သော အကြွင်းအကျန်မိမိပိုင် စိန်၊ ရွှေ၊ ငွေ စသည့်ပစ္စည်းများကို ရှာဖွေ၍ စာရင်းပြုလုပ်ပြီးလျှင်၊ သက်ဆိုင်ရာ မီးဘေးတားဆီးရေးနှင့် ကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌထံ၌ဖြစ်စေ၊ ဥက္ကဋ္ဌမရှိလျှင်အဖွဲ့ဝင်လူကြီးတဦးဦးထံ၌ဖြစ်စေ၊ အပ်နှံထားရမည်။ ထိုဥက္ကဋ္ဌသည်၊ သို့တည်းမဟုတ် ထိုအဖွဲ့ဝင်လူကြီးသည်၊ ထိုပစ္စည်းများကို၊ အစိုးရညွှန်ကြားသည့်နေရာ၌ အစိုးရအစောင့်အရှောက်ဖြင့် လုံခြုံစွာသိမ်းဆည်းထားရမည်။

သို့ရာတွင် အဆိုပါပစ္စည်းများအတွက်၊မီးအာမခံထားရှိသည့်ကိစ္စ၌၊မီးအာမခံကုမ္ပဏီသည်၊ ထိုမြေပေါ်တွင်ကြွင်းကျန်ရှိသော ပစ္စည်းများကို၊ အစိုးရက ညွှန်ကြားထားသည့် နည်းလမ်းအတိုင်း ထုခွဲရောင်းချ၍ ရရှိသောငွေများကို၊ အစိုးရအားပေးအပ်ရမည်။ အဆိုပါပစ္စည်းများကို ထုခွဲရောင်းချရာတွင် လိုက်နာဆောင်ရွက်ရမည့် နည်းလမ်းများကို၊ အစိုးရက ညွှန်ကြားထားလျှင်၊ ထိုသို့ညွှန်ကြားသည့်အတိုင်း မီးအာမခံကုမ္ပဏီကလိုက်နာဆောင်ရွက်ရမည်။

(၆) အစိုးရသည်၊ သို့တည်းမဟုတ် အစိုးရက အာဏာလွှဲအပ်ထားသော အာဏာပိုင်သည်၊ မီးလောင်ခြင်းနှင့်စပ်လျဉ်း၍၊ မည်သည့်အကြောင်းကြောင့် မီးစတင်

မလောင်သည့်ကိုဖြစ်စေ၊ ထိုမီးလောင်ခြင်းမှာ၊ မည်သူ့တာဝန်ဖြစ်သည့်ကိုဖြစ်စေ၊ မီးလောင်ခြင်းနှင့်သက်ဆိုင်သည့် အခြားအကြောင်းခြင်းရာများကိုဖြစ်စေ စုံစမ်းစစ်ဆေးရန်၊ စုံစမ်းရေးကော်မီတီတခုကိုဖွဲ့စည်းရမည်။

(၇) ထိုစုံစမ်းရေးကော်မီတီမှာ၊ ၁၉၅၀ ပြည့်နှစ်၊ စုံစမ်းရေးကော်မီတီများအက်ဥပဒေအရ ဖွဲ့စည်းသော ''စုံစမ်းရေးကော်မီတီ'' ၏ အာဏာအားလုံးရှိရမည်။

(၈) စုံစမ်းရေးကော်မီတီသည်၊ အကြောင်းထူးမရှိပါက၊ လိုအပ်သော စုံစမ်းစစ်ဆေးမှုကို၊ ရက်သတ္တနှစ်ပတ်အတွင်း ပြီးပြတ်အောင်ဆောင်ရွက်ရမည်။

(၉) စုံစမ်းရေးကော်မီတီသည်၊ အဆိုပါပစ္စည်းတရပ်ရပ်နှင့် စပ်လျဉ်း၍ ကြားဖြတ်အမိန့်များကို လိုအပ်သလိုချမှတ်နိုင်သည်။ အပြစ်ကင်းမဲ့သောပစ္စည်းပိုင်ရှင်များနှင့်ပတ်သက်၍ နှောင့်နှေးကြန့်ကြာခြင်းမရှိစေဘဲ အလျင်အမြန်အမိန့်ချမှတ်ရမည်။

(၁၀) စုံစမ်းရေးကော်မီတီသည်၊ နည်းဥပဒေများတွင် ပြဋ္ဌာန်းထားသည့်အတိုင်း၊ မီးလောင်ခြင်းခံရသော အဆိုပါပစ္စည်းနှင့် ထိုပစ္စည်းတည်ရာမြေကို၊ ပိုင်ရှင်အား ပြန်ပေးရန် အမိန့်ချမှတ်နိုင်သည်။ ထိုသို့အမိန့်ချမှတ်သောအခါ၊ ပုဒ်မခွဲ (၂)၊ သို့တည်းမဟုတ် ပုဒ်မခွဲ (၄) တွင်မည်သို့ပင်ပါရှိစေကာမူ၊ မီးလောင်ခြင်းခံရသော ပစ္စည်းနှင့် ထိုပစ္စည်းတည်ရာမြေကို၊ မူလပိုင်ရှင်က ပြန်လည်ပိုင်ဆိုင်စေရမည်။

(၁၁) မီးလောင်ခြင်းခံရသောအဆိုပါပစ္စည်း အရပ်ရပ်အတွက်၊ မီးအာမခံ ပေါ်လီစီရှိလျှင်၊ သက်ဆိုင်ရာမီးအာမခံကုမ္ပဏီသည်၊ ထိုပေါ်လီစီတွင်မည်သို့ပင်ပါရှိစေကာမူ၊ သို့တည်းမဟုတ် အခြားတည်ဆဲဥပဒေတွင် မည်သို့ပင်ပါရှိစေကာမူ၊ စုံစမ်းရေးကော်မီတီ၏ ဆုံးဖြတ်ချက်ရရှိမှသာ၊ ပေါ်လီစီအတွက် တောင်းခံငွေနှင့် စပ်လျဉ်း၍ဆုံးဖြတ်ချက်ချမှတ်ရမည်။

(၁၂) မီးလောင်ခြင်းမှာ၊ မီးအာမခံပေါ်လီစီရှိသူ ကိုယ်တိုင်ရှို့သောမီး၊ သို့တည်းမဟုတ် ကိုယ်တိုင်မသမာသော နည်းဖြင့်လောင်ကျွမ်းသောမီး မဟုတ်ဟု၊ စုံစမ်းရေးကော်မီတီက ဆုံးဖြတ်ပြီးနောက်၊ မီးအာမခံ ကုမ္ပဏီကလည်း၊ မီးလောင်ခြင်းခံရသောအဆိုပါပစ္စည်း များအတွက်တောင်းခံငွေများထုတ်ပေးလျှင်၊ မီးအာမခံကုမ္ပဏီသည်၊ အစိုးရထံ ပေးအပ်ထားသောပစ္စည်း၊ သို့တည်းမဟုတ် ငွေများကို၊ အစိုးရထံမှပြန်လည်ရရှိစေရမည်။

(၁၃) စုံစမ်းရေးကော်မီတီက ချမှတ်သည့်အမိန့်သည်၊ ၁၉၄၈ ခုနှစ်၊ ပြည်ထောင်စု တရားစီရင်ရေး အက်ဥပဒေပုဒ်မ ၆ အလို့ငှါ၊ တရားရုံးတရပ်ရပ်က ချမှတ်သောအပြီးသတ်အမိန့်ဖြစ်သည်ဟုမှတ်ယူရမည်။

<u>ရှင်းလင်းချက်။</u> ။ဤပုဒ်မ ပါပြဋ္ဌာန်းချက်များသည်၊ မီးမကူးစက်စေရန် အဖျက်ခံရသော အဆောက်အဦ၊ သို့တည်းမဟုတ် ပစ္စည်းများနှင့် မသက်ဆိုင်စေရ။

၁၀။ ။မည်သည့်မီးသတ်အာဏာပိုင်၊ သို့တည်းမဟုတ် မည်သည့်မီးသတ်ဝန်ထမ်း၊ သို့တည်းမဟုတ် မည်သည့်ရဲအဖွဲ့ဝင်၊ သို့တည်းမဟုတ် မည်သည့်အရံမီးသတ်တပ်ဖွဲ့ဝင်မှာမဆို၊ မိမိ၏တာဝန်ဝတ္တရားများကို၊ နည်းလမ်းတကျဆောင်ရွက်ရန်လိုအပ်သည်ဟု သဘောရိုးဖြင့်ယုံကြည်၍ ဆောင်ရွက်သောကြောင့်ပျက်စီးနစ်နာခြင်းအတွက် လျော်ကြေးပေးရမည့်တာဝန်မရှိစေရ။

ပျက်စီး နစ်နာခြင်း အတွက် လျော်ကြေး ပေးရန် တာဝန်မရှိခြင်း။

**မီးငြိမ်းသတ်စဉ်သေဆုံးခြင်း၊ ဒဏ်ရာရခြင်းအတွက် ဂရုဏာကြေးနှင့် ပင်စင်ခံစားခွင့်ပေးခြင်း။**

၁၁။ ။မီးလောင်သည့်အခါ၊ မီးငြိမ်းသတ်သည့် တာဝန်ဝတ္တရားများကို ဆောင်ရွက်နေစဉ်အတွင်းအခရံမီးသတ်တပ်ဖွဲ့ဝင်တဦးသည်၊ မတော်တဆ ထိခိုက်ဒဏ်ရာရလျှင်ဖြစ်စေ၊ သေဆုံးလျှင်ဖြစ်စေ နည်းဥပဒေနှင့်အညီ၊ လျော်ကြေး၊ သို့တည်းမဟုတ် ဂရုဏာကြေးကိုရရှိစေရမည်။ မီးသတ်ဝန်ထမ်းဖြစ်ပါမူ၊ နည်းဥပဒေဖြင့်သတ်မှတ်သည့်လျော်ကြေး သို့တည်းမဟုတ် ဂရုဏာကြေးကိုရရှိစေရမည့်ပြင်၊ တည်ဆဲပင်စင်တရားဥပဒေများအရ၊ ပင်စင်အကျိုးခံစားခွင့်ကိုလည်းရရှိစေရမည်။

**လိုင်စင်၊ သို့တည်း မဟုတ် အခွင့် အမိန့် တစုံတရာအတွက် အကြံဥာဏ်ပေးခြင်း။**

၁၂။ ။တည်ဆဲတရားဥပဒေတခုခုအရ—

(က) မီးဘေးအန္တရာယ်ဖြစ်စေတတ်သည့် အရာဝတ္ထုကို၊ သို့တည်းမဟုတ် ပေါက်ကွဲစေတတ်သည့် အရာဝတ္ထုကို ထားရှိရန်၊ အသုံးပြုရန်၊ သိုလှောင်ရန်၊ လက်ရှိထားရန်၊ ပြုလုပ်ရန်၊ သို့တည်း မဟုတ် ရောင်းချရန် လိုင်စင်၊ သို့တည်းမဟုတ် အခွင့်အမိန့် လိုအပ်လျှင်၊ သို့တည်းမဟုတ်

(ခ) ပွဲလမ်းသဘင် ကျင်းပရန်လိုင်စင်၊ သို့တည်းမဟုတ် အမိန့်လိုအပ်လျှင်၊ သို့တည်းမဟုတ်

(ဂ) ဗုံးလွှတ်ရန်၊ သို့တည်းမဟုတ် မီးပန်းမီးရှူးကိုဖြစ်စေ၊ ဗုံးကိုဖြစ်စေ၊ ရောင်းချရန်လိုင်စင်၊ သို့တည်းမဟုတ် အခွင့်အမိန့်လိုအပ်လျှင်၊ သို့တည်းမဟုတ်

(ဃ) မြို့များအက်ဥပဒေအရ၊ မြို့ဟုအမိပ္ပါယ်ဖော်ပြထားသည့် အရပ်ဒေသတွင်၊ သို့တည်းမဟုတ် မြူနီစီပါယ် အက်ဥပဒေ အရ၊ ကြေညာထားသည့် မြို့မဟုတ်သော အရပ်ဒေသတွင်၊ သို့တည်းမဟုတ် ရန်ကုန်မြို့ မြူနီစီပါယ် အက်ဥပဒေအရ၊ ရန်ကုန်မြူနီစီပါယ်နယ်နိမိတ်ဟု သတ်မှတ်ထားသည့် အရပ်ဒေသတွင်၊ လူနေအိမ်ကို၊ သို့တည်းမဟုတ် မီးဘေးစိုးရိမ်ရသော ဈေးဆိုင်ကန္နားကို၊ သို့တည်းမဟုတ် ပွဲလမ်းသဘင်ကျင်းပရန်အဆောက်အဦကို၊ သို့တည်းမဟုတ် မီးဘေးအန္တရာယ်ဖြစ်စေတတ်သည့် အရာဝတ္ထု၊ သို့တည်းမဟုတ် ပေါက်ကွဲစေတတ်သည့် အရာဝတ္ထုထားရှိမည့်၊ သို့တည်းမဟုတ် သိုလှောင်မည့်အဆောက်အဦကို ဆောက်လုပ်ရန်လိုင်စင်၊ သို့တည်းမဟုတ် အခွင့်အမိန့် လိုအပ်လျှင်

အဆိုပါ လိုင်စင်ကို၊ သို့တည်းမဟုတ် အခွင့်အမိန့်ကို ထုတ်ပေးနိုင်ခွင့်အာဏာရှိသူကား၊ သက်ဆိုင်ရာမီးသတ်အာဏာပိုင်များထံမှ အကြံဥာဏ်တောင်းယူ၍ ထုတ်ပေးရမည်၊

**မီးဘေး ကြိုတင် ကာကွယ်ရန် စီမံချက် များကို စစ်ဆေးခြင်းနှင့် ပြစ်ဒဏ်ပေးခြင်း။**

၁၃။ ။(၁) တည်ဆဲ အခြားတရား ဥပဒေများတွင် မည်သို့ပင်ပါရှိစေကာမူ၊ မီးသတ် အာဏာပိုင်သည်၊ မီးဘေးအန္တရာယ်ရှိ မည်ဟုယူဆရသောမည်သည့်လူနေအိမ်တွင်မဆို၊ သို့တည်းမဟုတ် မီးဘေးစိုးရိမ်ရသော မည်သည့် ဈေးဆိုင်ကန္တားတွင်မဆို၊ မီးဘေးမှ ကာကွယ်ရန် ကြိုတင်ပြုလုပ်ထားသော စီမံချက်များလုံလောက်စွာရှိ မရှိကို၊ လိုအပ်လျှင် အနည်းဆုံး တနှစ်တကြိမ် ကြည့်ရှုစစ်ဆေးနိုင်သည်။ ယင်းသို့စစ်ဆေးရာတွင် မီးဘေးမှကာကွယ်ရန် ကြိုတင်ပြုလုပ်ထားသော စီမံချက်များ မလုံလောက်ကြောင်း တွေ့ရှိလျှင်၊ မီးသတ် အာဏာပိုင်သည်၊ အဆိုပါလူနေအိမ်၊ သို့တည်းမဟုတ် ဈေးဆိုင်ကန္တားတွင် လက်ရှိနေထိုင်သူ၊ သို့တည်းမဟုတ် လက်ရှိရောင်းချနေသူအား၊ လိုအပ်သည့်စီမံချက်များကို ပြုလုပ်ရန်ဆင့်ဆိုနိုင်သည်။

(၂) ပုဒ်မခွဲ (၁) အရ၊ ထုတ်ဆင့်သည့် အမိန့်ဆင့်ဆိုချက်ကို၊ ထိုအမိန့်ဆင့်ဆိုချက်တွင် သတ်မှတ်ထားသည့် အချိန်ကာလအတွင်းလိုက်နာရန် ပျက်ကွက်သူသည်၊ သုံးနှစ်ထိထောင်ဒဏ်ဖြစ်စေ၊ ကျပ်ငါးရာထိငွေဒဏ်ဖြစ်စေ၊ဒဏ်နှစ်ရပ်လုံးဖြစ်စေ စီရင်ခြင်းခံရမည်။

(၃) တည်ဆဲအခြားတရားဥပဒေများတွင် မည်သို့ပင်ပါရှိစေကာမူ၊မီးသတ် အာဏာပိုင်သည်၊ မီးဘေးအန္တရာယ်ဖြစ်စေတတ်သည့် အရာဝတ္ထု၊ သို့တည်းမဟုတ် ပေါက်ကွဲစေတတ်သည့် အရာဝတ္ထုထားရှိသည့်၊ သို့တည်းမဟုတ် သိုလှောင်ထားသည့်၊ သို့တည်းမဟုတ် ပြုလုပ်သည့်မည်သည့် အလုပ်ရုံကိုမဆို၊သို့တည်းမဟုတ် ပွဲလမ်းသဘင်ကျင်းပရန်မည်သည့်နေရာ၊သို့တည်းမဟုတ်အဆောက်အဦကိုမဆို၊မီးဘေးမှကာကွယ်ရန် ကြိုတင်ပြုလုပ်ထားသောစီမံချက်များ လုံလောက်စွာရှိ မရှိကို၊ လိုအပ်လျှင် အနည်းဆုံး တနှစ်တကြိမ် ကြည့်ရှုစစ်ဆေးနိုင်သည်။ ဤသို့စစ်ဆေးရာတွင် မီးဘေးမှကာကွယ်ရန် ကြိုတင်ပြုလုပ်ထားသော စီမံချက်များမလုံလောက်ကြောင်း တွေ့ရှိလျှင်၊ လိုင်စင်၊ သို့တည်းမဟုတ် အခွင့်အမိန့်ထုတ်ပေးခွင့်ရသည့် အာဏာပိုင်ထံအစီရင်ခံရမည်။ ထို အာဏာပိုင်သည်၊ မီးသတ်အာဏာပိုင်က ထောက်ခံသည့်စီမံချက်များကို ပြုလုပ်ရန် လိုင်စင်ရသူ၊ သို့တည်းမဟုတ် အခွင့်အမိန့်ရသူကို၊ ဆင့်ဆိုနိုင်သည်။

(၄) ပုဒ်မခွဲ (၃) အရ၊ဆင့်ဆိုချက်ကို၊ ထိုဆင့်ဆိုချက်တွင်သတ်မှတ်ထားသည့်အချိန်ကာလအတွင်းလိုက်နာရန် ပျက်ကွက်သူ၏လိုင်စင်၊ သို့တည်းမဟုတ် အခွင့်အမိန့်ကို၊ ထုတ်ပေးခွင့်ရသည့် အာဏာပိုင်က ရုပ်သိမ်းရမည်။ ထိုပျက်ကွက်သူသည်၊ သုံးနှစ်ထိထောင်ဒဏ်ဖြစ်စေ၊ ကျပ်ငါးရာထိ ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ၊ စီရင်ခြင်းခံရမည်။

**ပြည်သူ့ဝန်ထမ်းဖြစ်ခြင်း။**

၁၄။ ။မီးသတ် အာဏာပိုင်များ၊ မီးသတ်ဝန်ထမ်းများနှင့် အရံမီးသတ် တပ်ဖွဲ့ဝင်များသည်၊ ဤဥပဒေပါ ပြဋ္ဌာန်းချက်များနှင့်အညီ ဖြစ်စေ၊ နည်းဥပဒေများနှင့်အညီ ဖြစ်စေ ဆောင်ရွက်သော အခါ၊ သို့တည်းမဟုတ် ဆောင်ရွက်သည့် သဘောသက်ရောက်သောအပြုအမူများကို ပြုသောအခါ၊ ရာဇသတ်ကြီး ပုဒ်မ ၂၁ ၏ အဓိပ္ပါယ်အရ၊ပြည်သူ့ဝန်ထမ်းများဖြစ် သည်ဟုမှတ်ယူရမည်။

မီးလောင်သည်ဟု လိမ်လည် အကြောင်းကြားခြင်းအတွက် ပြစ်ဒဏ်။

၁၅။ ။မည်သူမဆို၊ မီးသတ်အာဏာပိုင် တဦးဦးအား၊ သို့တည်းမဟုတ် မီးသတ်ဝန်ထမ်းတဦးဦးအား၊ သို့တည်းမဟုတ် အရံမီးသတ် တပ်ဖွဲ့ဝင် တဦးဦးအား၊ မီးမလောင်ဘဲနှင့် မီးလောင်သည်ဟု လမ်းဘေး မီးလှန့်ခေါက်ဖြင့်သော်၎င်း၊ စကားပြော ကြေးနန်း တယ်လီဖုန်းဖြင့်သော်၎င်း၊ အခြားတနည်းနည်းဖြင့်သော်၎င်း တမင်သက်သက် အချက်ပေးလျှင်၊ သို့တည်းမဟုတ် ပေးစေလျှင်၊ သုံးလထိထောင်ဒဏ်ဖြစ်စေ၊ ကျပ်နှစ်ရာထိငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ စီရင်ခြင်းခံရမည်။

မီးသတ် အတတ် သင်ကျောင်း ဖွင့် လှစ် သင်ကြားခြင်း။

၁၆။ ။(၁) အစိုးရသည်၊ မီးသတ်အတတ်ပညာ သင်ကြားပေးရန်နှင့် မီးသတ်အတတ်ပညာ ပြန့်ပွါးစေရန်၊ မိမိသင့်လျော်မည်ဟု ထင်သည့်အရပ်ဒေသများတွင် မီးသတ်အတတ်သင်ကျောင်းများနှင့် မီးသတ်သင်တန်းများကို ဖွင့်လှစ်ထားရှိနိုင်သည်။

(၂) ပုဒ်မခွဲ (၁) အရ ဖွင့်လှစ်သည့် မီးသတ်အတတ်သင်ကျောင်းများနှင့် မီးသတ်သင်တန်းများတွင် သင်ကြားပို့ချမည့် ဘာသာရပ်များသည်၎င်း၊ ခန့်အပ်ထားရှိမည့် သင်တန်းမှူးများ၊ နည်းပြဆရာများနှင့် အခြားမီးသတ်ဝန်ထမ်းများသည်၎င်း၊ သင်တန်းနှင့်သက်ဆိုင်သော အခြားဆောင်ရွက်မှုများသည်၎င်း၊ နည်းဥပဒေများနှင့်အညီ ဖြစ်စေရမည်။

ရေရရှိရေး စီမံကိန်းများ ပြုလုပ်စေခြင်း။

၁၇။ ။မီးလောင်သည့်အခါ၊ မီးငြိမ်းသတ်ရေးအတွက် ရေလုံလောက်စွာ ရရှိစေရန်၊ တိုင်းမီးဘေးတားဆီးရေးနှင့် ကြီးကြပ်ရေးအဖွဲ့များကဖြစ်စေ၊ ခရိုင်မီးဘေးတားဆီးရေးနှင့် ကြီးကြပ်ရေးအဖွဲ့များကဖြစ်စေ၊ မြို့နယ်မီးဘေးတားဆီးရေးနှင့် ကြီးကြပ်ရေးအဖွဲ့များကဖြစ်စေ မိမိတို့အရပ်ဒေသများနှင့် သင့်လျော်ကိုက်ညီမည့် ရေရရှိရေး စီမံကိန်းများကိုပြုလုပ်ထားကြရမည်။

မီးသတ်ခွန်ကိုညွှန်ကြားရေးမှူး ဌာနသို့ ပေးသွင်းခြင်း။

၁၈။ ။ဒေသန္တရအဖွဲ့တခုခုသည်၊ တည်ဆဲအခြားတရားဥပဒေ တခုခုအရ၊ သက်ဆိုင်ရာဒေသတွင် မီးသတ်ခွန်ကို၊ သို့တည်းမဟုတ် မီးဘေးကာကွယ်ခြင်းနှင့် စပ်လျဉ်းသည့်အခကို ကောက်ခံသည့်အခါ၊ အဆိုပါအခွန်ကို၊ သို့တည်းမဟုတ် အခကို၊ အစိုးရက သတ်မှတ်သည့်ညွှန်ကြားရေးမှူးဌာန၏ ငွေစာရင်းခေါင်းစဉ်အောက်သို့ ပေးသွင်းရမည်။

မီးငြိမ်းသတ်ရာတွင်၊ တနည်းနည်း ကူညီသူအား ဆုငွေပေးခြင်း။

၁၉။ ။မီးငြိမ်းသတ်ခြင်းကိစ္စတစုံတရာအတွက် တနည်းနည်းဖြင့် ထိရောက်စွာအကူအညီပေးသော မည်သည့်ပုဂ္ဂိုလ် (မီးသတ်ဝန်ထမ်းနှင့် အရံမီးသတ် တပ်ဖွဲ့ဝင်များမှတပါး) ကိုမဆို၊ ညွှန်ကြားရေးမှူးကဖြစ်စေ၊ အစိုးရကသတ်မှတ်သော အခြားမီးသတ်အာဏာပိုင် တဦးဦးကဖြစ်စေ နည်းဥပဒေများဖြင့် သတ်မှတ်ထားသည့်ဆုငွေကို ချီးမြှင့်ထုတ်ပေးနိုင်သည်။

**စေတနာ့ ဝန်ထမ်း မီးသတ် အစည်းအရုံးများကို ဖျက်သိမ်း ခြင်းနှင့် ၎င်း အစည်းအရုံးပိုင်ပစ္စည်း အရပ်ရပ်ကို၊ အခြားသို့လွှဲပြောင်း ပေးအပ်ခြင်း ။**

၂၀။ ။(၁) ဤဥပဒေ စတင်အာဏာတည်သည့် နေ့ရက်မှစ၍ဖြစ်စေ၊ ဤပုဒ်မပါကိစ္စအလို့ငှါ အစိုးရက အမိန့်ကြော်ငြာစာ ထုတ်ပြန်သည့်နေ့ရက်မှစ၍ဖြစ်စေ၊ပြည်ထောင်စုမြန်မာနိုင်ငံတဝှန်းလုံးတွင်ဖွဲ့စည်းထားပြီးသော၊ သို့တည်းမဟုတ် ဖွဲ့စည်းဆဲဖြစ်သော စေတနာ့ဝန်ထမ်း မီးသတ်အစည်းအရုံး များကို ဖျက်သိမ်းစေရမည်။ ယင်းသို့ဖျက်သိမ်းသည့် အချိန်မှစ၍၊ အဆိုပါစေတနာ့ဝန်ထမ်း မီးသတ်အစည်းအရုံးပိုင် မီးသတ်အဆောက်အဦ၊ထိုအဆောက်အဦတည်ရှိရာမြေရာ မီးသတ်စက်၊ မီးသတ် ကိရိယာများ၊ မီးသတ်အစည်းအရုံးပိုင် အခြားပစ္စည်းများနှင့် ရံပုံငွေသည် အစိုးရပိုင်ဖြစ်လာရမည်။

(၂) ဖျက်သိမ်းခြင်းခံရသည့်၊ သို့တည်းမဟုတ် ဖျက်သိမ်းဆဲ ဖြစ်သည့် စေတနာ့ဝန်ထမ်း မီးသတ်အစည်းအရုံး၏ အုပ်ချုပ်ရေးအဖွဲ့သည်၊ ပုဒ်မခွဲ (၁) အရ၊ အစိုးရပိုင်ဖြစ်လာသော မီးသတ်အဆောက်အဦ၊ ထိုအဆောက်အဦ တည်ရှိရာမြေရာ၊ မီးသတ်စက်၊ မီးသတ်ကိရိယာများ၊ မီးသတ်အစည်းအရုံးပိုင် အခြားပစ္စည်းများနှင့် ရံပုံငွေကို ညွှန်ကြားရေးမှူးအားဖြစ်စေ၊ ညွှန်ကြားရေးမှူးက အာဏာလွှဲအပ်သော မီးသတ်တာဝန်ခံအားဖြစ်စေ ၎င်းကညွှန်ကြားသည့် ကာလအတွင်း လွှဲပြောင်းပေးအပ်ရမည်။ ထိုညွှန်ကြားရေးမှူးသည်၊သို့တည်းမဟုတ် ထိုမီးသတ်တာဝန်ခံသည်၊ယင်းသို့လွှဲပြောင်းပေးအပ်ရရှိသော ပစ္စည်းအရပ်ရပ်နှင့်စပ်လျဉ်း၍ ထိန်းသိမ်းခြင်း၊ပြုပြင်ခြင်းနှင့် ပြင်ဆင်ခြင်းကိစ္စများကိုဆောင်ရွက်ရမည်။

ရှင်းလင်းချက်။ ။"အုပ်ချုပ်ရေးအဖွဲ့"ဆိုသည့်စကားရပ်တွင်၊ စေတနာ့ဝန်ထမ်းမီးသတ် အစည်း အရုံးဆိုင်ရာကိစ္စများကိုစီမံအုပ်ကြီးကြပ်ချုပ်သူအားလုံးပါဝင်သည်။

(၃) ဖျက်သိမ်းခြင်းခံရသော၊ သို့တည်းမဟုတ် ဖျက်သိမ်းဆဲ ဖြစ်သော စေတနာ့ဝန်ထမ်းမီးသတ်အစည်းအရုံး၏အုပ်ချုပ်ရေးအဖွဲ့ဝင်ဖြစ်သူမည်သူမဆို၊ ပုဒ်မခွဲ (၂) တွင် သီးခြားဖေါ်ပြသည့် ပစ္စည်းတခုခုကို လွှဲပြောင်းပေးအပ်ရန် ပျက်ကွက်လျှင်၊ ငြင်းဆိုလျှင်၊ သို့တည်းမဟုတ် ယင်းသို့လွှဲပြောင်းလက်ခံယူခြင်းကို တားဆီးရန် ကြံရွယ်ချက်ဖြင့်သော်၎င်း၊မရိုးမဖြောင့်သော သဘောဖြင့်သော်၎င်း၊ ထိုပစ္စည်းတရပ်ရပ်ကိုအလွဲသုံးစားပြုလျှင်၊ ၎င်း၏ပစ္စည်းအဖြစ်ပြောင်းလွှဲလျှင်၊ ဖယ်ရှားလျှင်၊ ဝှက်သိမ်းလျှင်၊ လုံလောက်သောအဘိုးစားနားမရှိဘဲ အဆိုပါပစ္စည်းကို၊သူတပါးအားလွှဲပြောင်းလျှင်၊ သို့တည်းမဟုတ် လွှဲပြောင်းစေလျှင်၊ သုံးနှစ်ထိထောင်ဒဏ်ဖြစ်စေ၊ ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ စီရင်ခြင်းခံရမည်။

**အရံမီးသတ်တပ်ဖွဲ့စည်းခြင်းနှင့်ထိုတပ်ဖွဲ့သို့ ဝင်ခွင့်ပြုခြင်း။**

၂၁။ ။(၁) ပုဒ်မ ၂၀၊ ပုဒ်မခွဲ (၁) အရ၊ ဖျက်သိမ်းခြင်း ခံရသော စေတနာ့ဝန်ထမ်းမီးသတ် အစည်းအရုံးများအစား၊ အရံမီးသတ်တပ်ဖွဲ့များကို၊ နည်းဥပဒေများနှင့်အညီ အစိုးရက၊ ဖွဲ့စည်းနိုင်သည်၊ သို့တည်းမဟုတ် ဖွဲ့စည်း စေနိုင်သည်။

(၂) ပုဒ်မခွဲ (၁) အရ၊ အရံမီးသတ်တပ်ဖွဲ့များကို၊ အရပ်ဒေသတခုခု၌ အပြီးအပိုင်ဖွဲ့စည်း၍ မပြီးမီအချိန်ကာလအတွင်း၊ လက်ရှိစေတနာ့ဝန်ထမ်း မီးသတ်အစည်းအရုံးများသည်၊ ညွှန်ကြားရေးမှူး၏ ညွှန်ကြားချက်များအတိုင်းလိုက်နာဆောင်ရွက်ကြရမည်။ ယင်းသို့ဖွဲ့စည်း၍မပြီးမီအချိန်ကာလအတွင်း၊ စေတနာ့ဝန်ထမ်းမီးသတ်အစည်းအရုံးများကို ထပ်မံဖွဲ့စည်းတည်ထောင်ခြင်းမရှိစေရ။

(၃) ပုဒ်မ ၂၀၊ ပုဒ်မခွဲ (၁) အရ၊ ဖျက်သိမ်းလိုက်သော၊ သို့တည်းမဟုတ် ဖျက်သိမ်းဆဲဖြစ်သော စေတနာ့ဝန်ထမ်း မီးသတ်အစည်းအရုံးဝင်ဖြစ်သည့် အစိုးရဌာန ဝန်ထမ်းများအပါအဝင်မည်သည့်ပုဂ္ဂိုလ်မှာမဆို၊ မိမိဆန္ဒအလျောက်အရံမီးသတ်တပ်ဖွဲ့သို့ နည်းဥပဒေများနှင့်အညီ ဝင်ခွင့်ရှိစေရမည်။

ဒေသန္တရ အဖွဲ့၏ မီးသတ် ဌာနကို၊ အစိုးရက လွှဲပြောင်း လက်ခံ၍ အုပ်ချုပ်ခြင်း။

၂၂။ ။ဤဥပဒေ အာဏာတည်သည့် နေ့ရက်မှစ၍ဖြစ်စေ၊ အစိုးရက၊ ဤပုဒ်မပါကိစ္စအလို့ငှါ အမိန့်ကြော်ငြာစာ ထုတ်ပြန်သည့်နေ့ရက်မှစ၍ဖြစ်စေ—

(က) ရန်ကုန်မြို့၊ မြူနီစီပါယ် အက်ဥပဒေပုဒ်မ ၂၅၊ အပိုဒ် (၁၆) အရ ဖွဲ့စည်းထားသော ရန်ကုန်မြူနီစီပါယ် မီးသတ်ဌာနကို၊ မီးသတ် ဝန်ထမ်းအားလုံး၊ မီးသတ်စက်၊ မီးသတ်သင်္ဘောနှင့်အခြားမီးသတ်ပစ္စည်းကိရိယာအားလုံး၊ မီးသတ်အဆောက်အဦအားလုံးနှင့်မီးသတ်အဆောက်အဦတည်ရှိရာမြေအားလုံးနှင့်တကွ၊ အစိုးရသို့လွှဲပြောင်းပေးအပ်ရမည်။

(ခ) မြူနီစီပါယ်အဖွဲ့တစုံတရာက၊ မြူနီစီပါယ်အက်ဥပဒေပုဒ်မ ၁၉၁၊ ပုဒ်မခွဲ (၁) အရ ဖွဲ့စည်းထားသော မီးသတ်ဌာန၏ မီးသတ်အဖွဲ့ဝင်အားလုံးကိုငင်း၊ မီးသတ်အဆောက်အဦအားလုံးကိုငင်း၊ မီးသတ်အဆောက်အဦတည်ရှိရာမြေရာအားလုံးကိုငင်း၊ မီးသတ်စက်နှင့် အခြားမီးသတ်ပစ္စည်းကိရိယာအားလုံးကိုငင်း အစိုးရသို့ လွှဲပြောင်းပေးအပ်ရမည်။

ဒေသန္တရ အဖွဲ့၏ မီးသတ် အဖွဲ့ဝင် များ ကို၊ အစိုးရ မီးသတ် ဝန်ထမ်း အဖြစ် ဝင်ရောက် ခွင့် ပြုခြင်း။

၂၃။ ။ပုဒ်မ ၂၂ အရ၊ အစိုးရက လွှဲပြောင်းလက်ခံယူပြီးသည့် နေ့ရက်မှစ၍၊ ရန်ကုန် မြူနီစီပါယ်အဖွဲ့နှင့် အခြားဒေသန္တရ အဖွဲ့များ၏ မီးသတ်အဖွဲ့ဝင်များမှာ၊ ဤဥပဒေအရ ခန့်အပ်ထားသော မီးသတ်ဝန်ထမ်းများအဖြစ် ဆက်လက် အမှုထမ်းဆောင်လိုပါက၊ ထမ်းဆောင် နိုင်ခွင့် ရှိစေရမည့်ပြင်၊ သက်ဆိုင်ရာ မြူနီစီပါယ်အဖွဲ့ မီးသတ်ဌာနတွင်ထမ်းဆောင်ခဲ့သော မိမိတို့၏ အမှုထမ်းလုပ်သက်ကို အစိုးရ မီးသတ်ဌာန အမှုထမ်းလုပ်သက်နှင့် ပေါင်းစပ်ခွင့်လည်းရှိစေရမည်။

ခြွင်းချက်။ ။သို့ရာတွင် ထိုသို့ဝင်ရောက်အမှုထမ်းလိုသည့်ပုဂ္ဂိုလ်၏အကျင့်စာရိတ္တကောင်းမွန်ကြောင်းနှင့် အရည်အချင်း ပြည့်စုံကြောင်းတို့ကို၊ အစိုးရကကြေနပ်လက်ခံမှသာ၊ အစိုးရမီးသတ်ဝန်ထမ်းအဖွဲ့သို့ ဝင်ရောက်ခွင့်ရှိသည်။ ထိုပြင်ဂုဏ်းတို့၏လစာ၊စရိတ်ကြေးငွေနှင့် အခြားအခွင့်အရေးအားလုံးသည်လည်း၊ အစိုးရကသတ်မှတ်သည့်အတိုင်းဖြစ်စေရမည်။

လျော်ကြေးပေးသင့် မပေးသင့် ဆုံးဖြတ်ခြင်း.

၂၄။ ။ပုဒ်မ ၂၂ အရ၊ အစိုးရကလွှဲပြောင်းလက်ခံယူသော မြူနီစီပါယ်အဖွဲ့တခုခု ပိုင်ဆိုင်သော မီးသတ် အဆောက်အဦများ၊ မီးသတ် အဆောက်အဦ တည်ရှိရာမြေများ၊ မီးသတ်စက်များ၊ မီးသတ် သဘော်များနှင့် အခြား မီးသတ် ပစ္စည်းကိရိယာများ အတွက်၊ သက်ဆိုင်ရာ မြူနီစီပါယ်အဖွဲ့သို့ လျော်ကြေး ပေးသင့်သည်၊ မပေးသင့်သည်ကို၊ အစိုးရကဆုံးဖြတ်ရမည်။

ခြွင်းချက်။ ။သို့ရာတွင် မြူနီစီပါယ်အဖွဲ့တခုခုက၊ ဤဥပဒေအာဏာမတည်မီ အစိုးရထံမှ အကူအခမပေးဘဲ၊ လက်ဝယ်ရရှိထားသော မည်သည့်မီးသတ်စက်၊ သို့တည်းမဟုတ် မီးသတ်ပစ္စည်းကိရိယာ၊ သို့တည်းမဟုတ် အဆောက်အဦအတွက်မျှ လျော်ကြေးမရထိုက်စေရ။

အစိုးရ၏ ကြိုတင်ခွင့်ပြုချက်မရရှိဘဲ၊ မီးသတ်အဖွဲ့ဖွဲ့စည်းတည်ထောင်ခြင်း မပြုရခြင်း။

၂၅။ ။(၁) ဤဥပဒေ အာဏာတည်သည့် နေ့ရက်မှစ၍ မည်သူမဆို၊ အစိုးရ၏ ကြိုတင်ခွင့်ပြုချက်မရရှိဘဲ၊ မည်သည့်မီးသတ်အဖွဲ့အမျိုးအစားကိုမျှ ဖွဲ့စည်းတည်ထောင်ခြင်းမပြုရ။ ထို့ပြင် အစိုးရသည်၊မည်သည့်မီးသတ်အဖွဲ့အမျိုးအစားကိုမဆိုဖျက်သိမ်းရမည်ဟု အမိန့်ထုတ်ဆင့်နိုင်သည်။

(၂) မည်သူမဆို၊ပုဒ်မခွဲ (၁) ပါပြဋ္ဌာန်းချက်ကို ဆန့်ကျင်လျှင်သော်၎င်း၊ မလိုက်နာလျှင်သော်၎င်း၊သုံးနှစ်ထိထောင်ဒဏ်ဖြစ်စေ၊ ကျပ်ငါးရာအောက်မနည်းသော ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ စီရင်ခြင်းခံရမည်။

နည်းဥပဒေပြုအာဏာ။

၂၆။ ။(၁) အစိုးရသည်၊ဤဥပဒေပါကိစ္စများကို ဆောင်ရွက်ရန်အလို့ငှါ နည်းဥပဒေများပြုနိုင်သည်။

(၂) အထက်ပါအာဏာ၏ယေဘုယျသဘောကို မထိခိုက်စေဘဲ၊ အဆိုပါနည်းဥပဒေများတွင် အထူးအားဖြင့်—

(က) ညွှန်ကြားရေးမှူး၏အာဏာများနှင့် တာဝန်ဝတ္တရားများ။

(ခ) ညွှန်ကြားရေးမှူးမှတပါး၊ အခြားမီးသတ်ဝန်ထမ်းတာဝန်ခံအသီးသီးတို့၏ အာဏာများ၊ တာဝန်ဝတ္တရားများနှင့် ရာထူးအဆင့်အတန်းများ။

(ဂ) မီးဘေးတားဆီးရေးနှင့် မီးငြိမ်းသတ်ရေးစီမံချက်များ။

(ဃ) မီးဘေးတားဆီးရေးနှင့် ကြီးကြပ်ရေးအဖွဲ့ အသီးသီး၏ ကြီးကြပ်ကွပ်ကဲမှု။

(င) မီးဘေးတားဆီးရေးနှင့် ကြီးကြပ်ရေးအဖွဲ့ အသီးသီး၏ အစည်းအဝေးများတွင် လိုက်နာရန် စည်းကမ်းချက်များ။

(စ) မီးသတ်စက်များနှင့် မီးသတ်ကိရိယာထိန်းသိမ်းခြင်း။

(ဆ) အရံမီးသတ်တပ်ဖွဲ့များ ဖွဲ့စည်းခြင်း။

(ဇ) သီးသန့်မီးသတ်အဖွဲ့များ၏မီးဘေးကြိုတင်တားဆီးရေးနှင့်မီးငြိမ်းသတ်ရေး လုပ်ငန်းများကို၊ ညွှန်ကြားရေးမှူးက ကြည့်ရှုစစ်ဆေးခြင်း။

(ဈ) ညွှန်ကြားရေးမှူးကဖြစ်စေ၊ အခွင့်အာဏာအပ်နှင်းခြင်း ခံရသောအခြားမီးသတ်အာဏာပိုင်တဦးဦးကဖြစ်စေ၊ မီးသတ်ဆေးဘူးများစစ်ဆေးခြင်း အတွက်၊ အခကြေးငွေ ကောက်ခံရေးနှင့် ဤဥပဒေအရ၊မီးသတ်အာဏာပိုင်က၊ သို့တည်းမဟုတ်ညွှန်ကြားရေးမှူးက ကြည့်ရှုစစ်ဆေးရသည့်အတွက် အခကြေးငွေကောက်ခံခြင်း။

(ည) မီးသတ်ဝန်ထမ်းများ၏လစာငွေနှင့် စရိတ်ကြေးငွေများသတ်မှတ်ရေး၊ ဟာဝန်ဝတ္တရားဆောင်ရွက်ချိန် သတ်မှတ်ရေး၊ သက်သာချောင်ချိရေးအတွက်နေအိမ်ရရှိရေးနှင့်အခြားအရေးကိစ္စများကို ပြဋ္ဌာန်းနိုင်သည်။

(၃) နည်းဥပဒေဆန့်ကျင်မှုအတွက်သော်၎င်း၊ နည်းဥပဒေအရ ထုတ်ဆင့်သော ညွှန်ကြားချက်ကို ဆန့်ကျင်မှုအတွက်သော်၎င်း၊နည်းဥပဒေအရ ထုတ်ဆင့်သော အမိန့်ကို ဆန့်ကျင်မှုအတွက်သော်၎င်း၊ ဤဥပဒေတွင် ပြစ်ဒဏ်ပြဋ္ဌာန်းချက် မရှိလျှင်၊ အဆိုပါဆန့်ကျင်မှုတခုခုကို ကျူးလွန်သူသည်၊ သုံးနှစ်ထိထောင်ဒဏ်ဖြစ်စေ၊ ကျပ်ငါးရာထိငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ စီရင်ခြင်းခံရမည်ဟု နည်းဥပဒေတွင် ပြဋ္ဌာန်းနိုင်သည်။

တည်ဆဲ အခြားတာရား ဥပဒေများ ပျက်ပြယ်ခြင်း။

၂၇။ ။တည်ဆဲအခြားတရားဥပဒေများပါ၊ပြဋ္ဌာန်းချက်များသည်၊ဤဥပဒေနှင့် ဆန့်ကျင်သမျှ ပျက်ပြယ်သည်ဟု မှတ်ယူရမည်။

ရုပ်သိမ်းခြင်း။

၂၈။ ။၁၉၅၃ ခုနှစ်၊ မီးသတ်ဝန်ထမ်းနှင့် မီးသတ်အဖွဲ့ အက်ဥပဒေ [၁၉၅၃ ခုနှစ်၊ အက်ဥပဒေအမှတ် ၂၆] ကို၊ ဤဥပဒေဖြင့် ရုပ်သိမ်းလိုက်သည်။ ယင်းသို့ ရုပ်သိမ်းသည့်အခါ၊ မြန်မာနိုင်ငံယေဘုယျစကားရပ် အက်ဥပဒေပုဒ်မ ၅ ပါပြဋ္ဌာန်းချက်များ အကျိုးသက်ရောက်စေရမည်။